# နိုင်ငံဖွဲ့စည်းပုံ အခြေခံဥပဒေမှ အာဏာကြီး သုံးရပ်အကြောင်း

## အာဏာကြီး သုံးရပ်

နိုင်ငံတခုကို ဖွဲ့စည်းရာတွင် အရေးကြီးဆုံးမှာ နိုင်ငံဖွဲ့စည်းပုံ အခြေခံဥပဒေ (Constitution) ဖြစ်သည်။ ယင်းတွင် အုပ်ချုပ်ရေးအာဏာ (Executive Power)၊ ဥပဒေပြုရေးအာဏာ (Legislative Power)နှင့် တရားစီရင်ရေးအာဏာ (Judicial Power)ဟူ၍ နိုင်ငံရေးအာဏာ (Political Power) သုံးရပ်ရှိသည်။

တနည်းအားဖြင့် အဆိုပါ အာဏာတည်းဟူသော မဏ္ဍိုင်ကြီး (၃)ရပ်ကို အခြေပြု၍ နိုင်ငံကို ဖွဲ့စည်း တည်ဆောက်ထားရသည်။ ထိုသုံးမျိုးစလုံးမရှိပဲ မည်သည့်နည်းနှင့်မျှ မဖြစ်နိုင်။ ထို့ပြင် တခုခု လျော့နေ၍လည်းမရ။ တခုခုအားနည်းနေလျှင်လည်း မဖြစ်။ သုံးမျိုးစလုံး ဘက်စုံညီညာစွာ တည်တံ့ ခိုင်မြဲနေအောင် စုစည်းထားနိုင်မှသာ အဆိုပါနိုင်ငံသည် စနစ်တကျ ရပ်တည်နိုင်သည်။

## နိုင်ငံရေးပြဿနာ ပေါ်ရသည်မှာ

အဆိုပါ အာဏာသုံးရပ်စလုံး ဘက်စုံညီညာစွာ တည်ဆောက်နိုင်မှ ဖွဲ့စည်းပုံ အခြေခံဥပဒေမှာ တည်ငြိမ် ခိုင်မာမည်ဖြစ်သည်။ ဖွဲ့စည်းပုံ မတည်ငြိမ်ခြင်း၊ မခိုင်မာခြင်းသည် နိုင်ငံရေး ပြဿနာများ ပေါ်ပေါက်ရန် အဓိကအကြောင်းရင်း ဖြစ်သည်။

ဖွဲ့စည်းပုံ အခြေခံဥပဒေ မရှိခြင်းထက် ရှိခြင်းက ပိုကောင်းသည်မှာ ငြင်းချက်ထုတ်နိုင်စရာ မရှိ။ "တောင်းမှာအကွပ်၊ လူမှာအဝတ်"ဆိုသကဲ့သို့ နိုင်ငံဖွဲ့စည်းရာတွင်လည်း စနစ်တကျ ဖြစ်စေရန် ဖွဲ့စည်းပုံအခြေခံ မရှိ၍မရ။ လူစည်း ဘီလူးစည်းခွဲမှ လူသားတဦး၏ ဂုဏ်သိက္ခာကို မြှင့်တင်ပေးနိုင်သကဲ့သို့ နိုင်ငံတွင်လည်း စည်းထားရသည်။

အကယ်၍ ဖွဲ့စည်းပုံအခြေခံဥပဒေ ရှိမနေသော် နေ့နေ့ညည ဓါးမြတိုက်ခံနေရသော တိုင်းပြည်ကဲ့သို့ ဖြစ်နေမည်။ အင်အားသူတို့က သူတလူ ငါတမင်း ဗိုလ်ကျချင်တိုင်း ဗိုလ်ကျနေမည်။ ဓါးကိုင်- သေနတ်ကိုင်ထားသူ၏ ပါးစပ်မှထွက်ရာ စကားမှန်သမျှ အမိန့်ဖြစ်နေမည်။ ထိုထိုသော စည်းစိမ်ဥစ္စာ စီးပွားပျက်ခြင်း၊ လုံခြုံမှု ကင်းမဲ့ခြင်း၊ တရားဥပဒေ ဆိတ်သုန်းခြင်းတို့မှာ နိုင်ငံရေးပြဿနာများ ဖြစ်သည်။

ထို့ကြောင့်သာလျှင် နိုင်ငံရေးစနစ် ပြောင်းလဲသော နိုင်ငံများ၊ အာဏာသိမ်းခံရသော နိုင်ငံများ၌ နိုင်ငံဖွဲ့စည်းပုံ အခြေခံဥပဒေကို အလျင်အမြန် ရေးဆွဲကြခြင်း ဖြစ်သည်။ အနည်းဆုံး အသွင် ကူးပြောင်းရေး ကြားကာလအတွက် ယာယီဖွဲ့စည်းပုံ အခြေခံဥပဒေကို ရေးဆွဲကြရသည်။

တဖန် ဝတ်စားဆင်ယင်ရာ၌ လူနှင့်အဝတ်အစား လိုက်ဖက်အောင်၊ အရှက်တရားနှင့် သဘာဝ ဒဏ်ကို ကာကွယ်နိုင်အောင်၊ နေရာဒေသအလိုက် သင့်တင့်မျှတအောင် ဝတ်ဆင်တတ်ရမည် ဆိုသည့် ရည်ရွယ်ချက်နှင့် လုပ်ဆောင်ပုံ ရှိသကဲ့သို့ နိုင်ငံဖွဲ့စည်းပုံ အခြေခံ ဥပဒေတွင်လည်း မည်သူတို့အတွက် ရည်ရွယ်သည်၊ မည်သို့လုပ်ဆောင်ရမည်ဆိုသည်တို့ ပါဝင်မှ စနစ်တကျ ဖြစ်သည်။ စနစ်တကျမဖြစ်လျှင် နိုင်ငံရေးပြဿနာ ပေါ်သည်။

ရည်ရွယ်ချက်နှင့် လုပ်ဆောင်ပုံ မှားယွင်းပြန်လျှင်လည်း နိုင်ငံရေးပြဿနာ ပေါ်သည်။ လူရွေးမှားလျှင်လည်း နိုင်ငံရေးပြဿနာ ပေါ်သည်။

မည်သည့်နိုင်ငံမဆို တနိုင်ငံတည်း သီးခြားရပ်တည်နိုင်စွမ်း မရှိ။ နိုင်ငံတကာအသိုင်းအဝိုင်းနှင့် အလိုက်အထိုက် ပူးပေါင်း ယှဉ်တွဲ နေထိုင်ရသည်။ သို့ဖြစ်၍ နိုင်ငံဖွဲ့စည်းပုံ အခြေခံဥပဒေတွင် နိုင်ငံတကာစံနှုန်းများနှင့် ကိုက်ညီအောင် ညှိထားရသည်။ ထိုသို့ မလုပ်ဆောင်နိုင်သော် (ပြည်တွင်း၊ ပြည်ပ) နိုင်ငံရေးပြဿနာများ ပေါ်တော့သည်။

အုပ်ချုပ်ရေးအာဏာ၊ ဥပဒေပြုရေးအာဏာ၊ တရားစီရင်ရေးအာဏာတို့မှာ တာဝန်ရှိသူတို့အား နိုင်ငံ့ရေးရာများကို စနစ်တကျ အမျိုးအစားခွဲ၍ လုပ်ဆောင်ရန် ပေးအပ်ထားသော လုပ်ပိုင်ခွင့် (Mandate) ဖြစ်သည်။ ထိုသို့သော လုပ်ပိုင်ခွင့်အာဏာများကို နိုင်ငံနှင့်ပြည်သူတို့၏ အကျိုးစီးပွား အတွက်သာ အခြေခံပြီး ကျင့်သုံးရသည်။ လူတဦး-တဖွဲ့-တပါတီကို အခြေခံပြီး အာဏာ အလွဲသုံးစား ပြုလုပ်လျှင် နိုင်ငံရေးပြဿနာများ ပေါ်ပေါက်မြဲဖြစ်သည်။

## အာဏာသုံးရပ်ကို ကျင့်သုံးရာတွင် ဦးစားပေးပုံ ကွာခြား

အမှန်စင်စစ် အုပ်ချုပ်ရေးအာဏာ၊ ဥပဒေပြုရေးအာဏာ၊ တရားစီရင်ရေးအာဏာတို့ကို နိုင်ငံ့ကောင်းကျိုးနှင့် ပြည်သူတို့၏ကောင်းကျိုးတို့အတွက်သာ အညီအမျှ ဖြစ်ထွန်းစေရန် အမြော်အမြင်ကြီးမားစွာဖြင့် စီမံထားရသည်။

ဤအတိုင်း တသွေမတိမ်းဖြစ်အောင် လုပ်နိုင်ကြလျှင် မည်သည့်နိုင်ငံရေးပြဿနာမျှ ပေါ်စရာမရှိ။ ပကတိအေးချမ်းသာယာသောနိုင်ငံကို ထူထောင်နိုင်ကြပေလိမ့်မည်။ စစ်မှန်သော ဒီမိုကရေစီနိုင်ငံ များ၌ နိုင်ငံအကျိုး၊ လူထုအကျိုး မျှတအောင် စီမံထားသည်ကို နမူနာအားဖြင့် တွေ့မြင်နိုင်သည်။

အချို့နိုင်ငံများမှာ နိုင်ငံကောင်းကျိုးကို သိသိသာသာ ဦးစားပေးထားတတ်ကြသည်။ ယင်းတွင် အုပ်စိုးသူ တဦး-တဖွဲ့-တပါတီအတွက် အာဏာမြဲစေရေးနှင့် ၎င်းတို့ ဆုပ်ကိုင်ထားသော နိုင်ငံရေးစနစ်ကို တည်တံ့ခိုင်မြဲရေးက အဓိကဖြစ်သည်ကို ဖုံးကွယ်ခြင်း သက်သက်သာဖြစ်ပြီး အခြားတဘက်တွင် နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှ ပြည်သူတို့ တိုးတက်မှု ရှိနိုင်သယောင်ယောင် ဝါဒဖြန့်တတ်ကြသည်။

ထိုသို့သောနိုင်ငံများ၌ အပြောနှင့်အလုပ် ညီညွတ်စွာ တကယ်တမ်း လုပ်ဆောင်ပေးသည့် ခေါင်းဆောင်များ ရှိတတ်ကြသည်။ ပြောထားသည့်အတိုင်း အခြေအနေတရပ်တွင် နိုင်ငံကလည်း တိုးတက်လာသည်။

(အခြေအနေတရပ်ကို ဥပမာပေးရလျှင် နိုင်ငံရေးတွင် တပါတီ ကွန်မြူနစ်စနစ်ကို တင်းကြပ်စွာ ကျင့်သုံးဆဲဖြစ်သည့် တရုတ်နိုင်ငံက စီးပွားရေးအောင်မြင်စေရန်အတွက် ယခင်ကျင့်သုံးခဲ့သော ကွန်မြူနစ် စီးပွားရေးစနစ်ကို ရပ်ဆိုင်းကာ တခါက ၎င်းတို့ ပြစ်တင်ရှုံ့ချခဲ့သော အနောက်နိုင်ငံ စီးပွားရေးစနစ်ကို အကောင်အထည်ဖော်ခြင်းမျိုး ဖြစ်သည်။)

သို့သော် လူထုတရပ်လုံး အတွက် အမှန်တကယ်တိုးတက်မှုကို မဖော်ဆောင်ပေးနိုင်။ အထူးသဖြင့် လူ့အခွင့်အရေးများနှင့် ပတ်သက်၍ ရှောင်လွှဲမရသော ပြဿနာများစွာကို ရင်ဆိုင်ရသည်။

ဤအမျိုးအစားတွင် ဒီမိုကရေစီကင်းမဲ့သော နိုင်ငံများအား နမူနာအဖြစ် ကြည့်နိုင်သည်။ သက်ဦးဆံပိုင် ဘုရင်စနစ်ကျင့်သုံးသော နိုင်ငံများတွင်လည်း ဤအဖြစ်မျိုးကို တွေ့ရတတ်သည်။

အချို့နိုင်ငံခေါင်းဆောင်များမှာမူ အပြောတခြား အလုပ်တခြား ဖြစ်သည်။ နိုင်ငံအတွက် လုပ်ပေးတော့မယောင်ယောင်၊ နိုင်ငံတိုးတက်မှ ပြည်သူတို့ တိုးတက်လာတော့မယောင်ယောင် မက်လုံးပေးထားပြီး ၎င်းတို့ကိုယ်ကျိုးကိုသာ တစိုက်မတ်မတ် လုပ်နေတတ်ကြသည်။ အချိန်လွန်သည့်တိုင်အောင် နိုင်ငံကတိုးတက်မလာ၊ ပြည်သူတို့ကလည်း ရုန်းကန်နေဆဲဘဝမှာပင် ရှိနေဆဲ ဖြစ်သည်။ သိသာထင်ရှားစွာ တွေ့ရသည့်နိုင်ငံများမှာ အာဏာရှင်နိုင်ငံများ၊ လူ့အခွင့်အရေး ချိုးဖောက်ခံရသောနိုင်ငံများ၊ ဆင်းရဲစရာ အကြောင်းရင်းမရှိပဲ ဆင်းရဲနေရသောနိုင်ငံများ ဖြစ်သည်။

တဖန် ကမ္ဘာနှင့်အဝှမ်း လူကြိုက်များ ရေပန်းစားနေသော ဒီမိုကရေစီကို ဘန်းပြကာ ကိုယ်ကျိုးကိုသာ လုပ်ဆောင်တတ်သည့် နိုင်ငံများလည်းရှိသည်။ အာဏာရှင်ရင့်မာကြီးများ၊ အာဏာရှင်ပေါက်စနများ၊ အာဏာရှင်လောင်းများ ပေါ်ထွန်းရာနိုင်ငံတို့မှာ ထင်ရှားသောနမူနာ ဖြစ်သည်။

ဤသည်မှာ နိုင်ငံရေးအာဏာကြီး (၃)ရပ်ကို နိုင်ငံကောင်းကျိုး၊ ပြည်သူကောင်းကျိုးအတွက် ခွဲဝေကျင့်သုံးကြရာ၌ ဦးစားပေးသည့်အနေအထား ကွာခြားမှုကြောင့် အကျိုးသက်ရောက်ပုံများ ကွာခြားရခြင်း ဖြစ်သည်။

## သီးခြားစီ ရပ်တည်သော အာဏာကြီး သုံးရပ်

ဒီမိုကရေစီနိုင်ငံများတွင် အာဏာကြီး (၃) ရပ်ကို သီးခြားစီ ရပ်တည်နိုင်အောင် စီမံထားသည်။ သို့သော် အာဏာရှင်သဘော မသက်ရောက်နိုင်ရန်၊ အာဏာတခုနှင့်တခု အပြန်အလှန် အထောက်အကူ ပြုစေရန်အတွက် Check and Balance ဖြင့် ထိန်းညှိပေးထားရသည်။

ထိုအခါ အုပ်ချုပ်ရေးအာဏာရရှိထားသော သမတဖြစ်စေ၊ ဝန်ကြီးချုပ် ဖြစ်စေ၊ အစိုးရအဖွဲ့ဖြစ်စေ၊ တရားစီရင်ရေးအာဏာကို အပေါ်စီးမှ မချုပ်ကိုင်နိုင်။ ဥပဒေများကို သူတို့ကြိုက်သလို ထုတ်ပြန်ခြင်း မပြုနိုင်။

ထိုနည်းတူ တရားသူကြီးတို့သည်လည်း ပြဌာန်းထားသော ဥပဒေများမှ ဘောင်ကျော်၍ ဆုံးဖြတ်စီရင်ခြင်း မပြုနိုင်။ ရဲများကလည်း မည်သူတဦး တယောက်ကိုမျှ ဥပဒေမဲ့ အကြောင်းမဲ့ ဖမ်းဆီးခြင်း မပြုနိုင်။

ထိုကဲ့သို့ပင် ဥပဒေပြု လွှတ်တော်အမတ်များကလည်း အစိုးရအဖွဲ့နှင့် တရားသူကြီးတို့၏ လုပ်ပိုင်ခွင့်များအပေါ် ဝင်ရောက် စွက်ဖက် ကြိုးကိုင်ချယ်လှယ်၍ မရ။ အားလုံးမှာ သူ့နေရာနှင့်သူ တိတိကျကျ တာဝန်ယူနေရန်သာ ရှိသည်။

ဒီမိုကရေစီ အစစ်အမှန်ဖြစ်၍ အာဏာကြီး သုံးရပ်အပေါ် အာဏာရှင်ဆန်ဆန် လက်ဝါးကြီး မအုပ်နိုင်အောင် အဘက်ဘက်မှ ပြင်ဆင်ထားခြင်း ဖြစ်ရာ နိုင်ငံသား မှန်သမျှ အခြေခံဥပဒေပါ ပြဌာန်းချက်များအတိုင်း တပြေးညီ ခံစားခွင့် ရှိသည်။ ကျောသား ရင်သား ခွဲခြားခြင်းမရှိ။ လူကိုခင်၍ မှုကိုပြင်ခြင်းမျိုးလည်း မရှိ။

သမတသည်ပင်လျှင် ဥပဒေတရပ်ရပ်ကို ကျူးလွန်မိပါက တရားသူကြီးတို့က ဥပဒေအတိုင်း ဆုံးဖြတ်စီရင်မည် ဖြစ်သည်။ ကာကွယ်ရေး ဦးစီးချုပ်သည် အစိုးရအဖွဲ့မှ ကာကွယ်ဝန်ကြီး၏ လက်အောက်တွင် အမှုထမ်းရမည် ဖြစ်သည်။ လူထု၏ ရွေးချယ်တင်မြှောက်ခံထားရသူက လူထုအကျိုးကို လုပ်ဆောင်ပေးနိုင်သည့် အရည်အချင်း မပြည့်ဝလျှင် ထိုသူအား လူထုကိုယ်စားလှယ် အဖြစ်မှ လူထုကပင် ပြန်လည်ရုပ်သိမ်းနိုင်သည်။

ဤသည်မှာ ဒီမိုကရေစီစနစ်ကို စစ်မှန်စွာ ကျင့်သုံးခြင်းဖြစ်သည်။ ပြည်သူတို့၏ ရပိုင်ခွင့်နှင့် လုံခြုံမှု တို့အတွက် အာမခံချက်ကောင်းသဖြင့် လူထုကြိုက်နှစ်သက်သည့် နိုင်ငံရေးစနစ် ဖြစ်သည်။

## အထောက်အကူပြုသော အခြားမဏ္ဍိုင်များ

နိုင်ငံဖွဲ့စည်းပုံ အခြေခံဥပဒေ၌ အတိအလင်း ပြဌာန်းထားပြီး တိကျမှန်ကန်အောင် ကျင့်သုံးရသည့် အာဏာကြီး (၃)ရပ်ကို ပိုမို အစွမ်းထက်နိုင်သမျှထက်နေအောင် အထောက်အကူ ပြုပေးရသည်။ “စတုတ္ထမဏ္ဍိုင်”ဟု လူသိအများဆုံးမှာ “မီဒီယာ” (Media) ဖြစ်သည်။ အမှန်ပင် မီဒီယာက အာဏာကြီး (၃)ရပ်စလုံးကို တည့်မတ်မှန်ကန်နေအောင် ထိန်းကျောင်းပေးသည်။

ဒီမိုကရေစီ ကင်းမဲ့သောနိုင်ငံများတွင် အုပ်စိုးသူတို့အလိုကျ ဝါဒဖြန့်ချိရာတွင် မီဒီယာကို လက်ဝါးကြီးအုပ်ကာ ထိထိရောက်ရောက် ကိုင်တွယ် အသုံးချသည်။ အစိုးရပိုင် သတင်းစာ၊ ရေဒီယို၊ ရုပ်မြင်သံကြား၊ အင်တာနက်၊ စာအုပ်ထုတ်ဝေဖြန့်ချိရေးတို့တွင် ဖြစ်သည်။ တချိန်တည်း မှာပင် မီဒီယာကို အသုံးချ၍ အစိုးရအာဏာဖီဆန်သူတို့အား လူထုထောက်ခံမှုမရအောင် စည်းလွတ်ဝါးလွတ် အပြစ်ပုံချတတ်ကြသည်။

ဒီမိုကရေစီနိုင်ငံများတွင် မီဒီယာက လွတ်လပ်ခွင့်ရှိပြီး မီဒီယာ၏ ကျင့်ဝတ်များနှင့်အညီ အစိုးရနှင့် အာဏာပိုင် အသီးသီးတို့၏ ဖောက်ပြန်မှုများကို လူထုသိရှိအောင် ပွင့်ပွင့်လင်းလင်းပင် ဖော်ထုတ်နိုင်ကြသည်။ ထိုအခါ နိုင်ငံဖွဲ့စည်းပုံ အခြေခံဥပဒေရှိ အာဏာကြီး(၃)ရပ်ကို အလွဲသုံးစားလုပ်နေသူ ကိုယ်ကျိုးရှာ နိုင်ငံရေးသမားတို့အား သက်ဆိုင်သလို အရေးယူ အပြစ်ပေးနိုင်သည်အထိ မီဒီယာ စွမ်းပကား ကြီးမားလှသည်။

အခြားမဏ္ဍိုင်တခုမှာ အစိုးရနှင့် မပတ်သက်သော အဖွဲ့အစည်းများ (NGO) ဖြစ်သည်။ ဒီမိုကရေစီနိုင်ငံများတွင် အသင်းအဖွဲ့များကို လွတ်လပ်စွာဖွဲ့စည်းခွင့်ရှိသဖြင့် ရည်ရွယ်ချက်အမျိုးမျိုး၊ လုပ်နည်းလုပ်ဟန်အမျိုးမျိုးဖြင့် ဖွဲ့စည်းလှုပ်ရှားကြသည်။ အာဏာသုံးရပ်နှင့် ပတ်သက်၍ အလွဲသုံးစား ဖောက်ပြန်မှုတို့ကို စောင့်ကြည့်ဝေဖန်သော NGO များကိုပင် ဖွဲ့စည်းနိုင်ကြသည်ဖြစ်ရာ ယင်းတို့သည်လည်း နိုင်ငံဖွဲ့စည်းပုံ အခြေခံဥပဒေမှ အာဏာကြီး သုံးရပ်အပေါ် တနည်းအားဖြင့် အထောက်အကူပြုသော မဏ္ဍိုင်တရပ် ဖြစ်လာသည်။

လွင်အောင်စိုး
၂၃-၁၁-၂၀၀၈